# ဗုဒ္ဓသာသနာသက္ကရာဇ်

အရှင်ကေလာသ

မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံသည့်နှစ်မှစ၍ သာသနာသက္ကရာဇ် ၁-အဖြစ် စတင်ရေတွက်ခဲ့သည်မှာ အစဉ်အလာမှတ်သားချက်အရ ယနေ့ (မြန်မာသက္ကရာဇ် ၁၃၅၆ ခုနှစ်) ဆိုလျှင် နှစ်ပေါင်း ၂၅၄၈ နှစ်မြောက်သို့ ရောက်ခဲ့ပြီ ဖြစ်သည်။ ခရစ်သက္ကရာဇ်နှင့်ယှဉ်၍ဆိုရမူ ရောက်ဆဲ ခရစ် ၂၀၀၄ ခုနှစ်ကို သာသနာ ၂၅၄၈ မှ နုတ်သော် ၅၄၄-နှစ် ကျန်သည်။ ယင်းသည် ခရစ်မတိုင်မီနှစ် သို့မဟုတ် ဘီစီနှစ်ဖြစ်သဖြင့် ဘီစီ ၅၄၄ သည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံသောနှစ်ဖြစ်သည်။ ပရိနိဗ္ဗာန်စံသည့်နှစ်ကိုနုတ်၍ သက်တော် ၈၀-ကို ထည့်ပေါင်းသော် (၅၄၃+၈၀=၆၂၃) ဘီစီ ၆၂၃ ဖြစ်သည်။ ယင်းခုနှစ်ကို သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအိုစသော ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ၌ မြတ်ဗုဒ္ဓဖွားမြင်တော်မူသောနှစ်အဖြစ် အတည်ပြုလက်ခံကြသည်။

ဤသည်မှာ သီရိလင်္ကာနိုင်ငံနှင့်ဗုဒ္ဓသာသနာ သမိုင်းဦးကိုဖော်ပြသော မဟာဝံသကျမ်းနှင့်အညီဖြစ်သည်။ ယင်းကျမ်းကို သီရိလင်္ကာနိုင်ငံ အနုရာဓမြို့ရှိ မဟာဝိဟာရကျောင်းတိုက်၌ ရေးသားခဲ့ပြီး သီဟိုဠ်ဘာသာ မဟာဝံသမူရင်းကျမ်းမှာ အဋ္ဌကထာကျမ်းများမတိုင်မီ အတော်ရှေးကျသည့်ကာလကပင် မဟာဝံသဟူသောအမည် သို့မဟုတ် အခြား အမည်တစ်မျိုးဖြင့် တည်ရှိခဲ့သည်ဟု ဆိုသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကိုပင် ဝေဖန်ခဲ့သည့် **သဒ္ဓမ္မပ္ပကာသနီ**အမည်ရှိ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကျမ်းပြု အရှင်မဟာနာမသည် **ပဇ္ဇပဒေါရုဝံသ**ခေါ် ပါဠိဘာသာ **မဟာဝံသ** (ပထမပိုင်း)ကို ရေးသားခဲ့ကြောင်း ပညာရှင်တို့လက်ခံကြသည်။ သဒ္ဓမ္မပ္ပကာသနီကို ပထမမောဂ္ဂလ္လာနမင်း (အေဒီ ၄၉၅-၅၁၃) ကွယ်လွန်ပြီးနောက် သုံးနှစ်အကြာ (အေဒီ ၅၁၆)တွင် ရေးပြီးသည်။ သို့ဖြစ်၍ ပါဠိဘာသာ မဟာဝံသကျမ်းကိုလည်း သဒ္ဓမ္မပ္ပကာသနီနှင့် မရှေးမနှောင်းမှာပင် ရေးသားခဲ့ဖွယ်ရှိသည်။

မဟာဝိဟာရကျောင်းတိုက်ကား ထေရဝါဒဗုဒ္ဓဘာသာ၏ဌာနချုပ်ဖြစ်သည်။ သို့ဖြစ်၍ ထေရဝါဒနိုင်ငံအားလုံးသည် ဝေဖန်ငြင်းဆိုချက်မရှိဘဲ မဟာဝံသနှင့် ယင်းကျမ်းအဆက် စူဠဝံသ၌ဖော်ပြသည့် ခုနှစ်စဉ်အတိုင်း မှတ်ယူသုံးစွဲကြသည်။ မဟာဝိဟာရကျောင်းတိုက် မထေရ်စဉ်ဆက် မှတ်ယူလာသည့်အတိုင်းပင် ထေရဝါဒအဋ္ဌကထာကျမ်းများ၌လည်း မဟာဝံသအဆိုနှင့် တူညီကြသည်။ သို့ဖြစ်၍ ဗုဒ္ဓရှင်တော်မြတ် ဘီစီ ၆၂၃ တွင် ဖွားမြင်သည်ဟူသော အဆိုမှာ ထေရဝါဒကျမ်းများ သို့မဟုတ် သီဟိုဠ်အစဉ်အလာ သို့မဟုတ် ထေရဝါဒအစဉ်အလာကို အခြေခံသည်။

သီဟိုဠ်ဘုရင် ပထမပရက္ကမဗာဟုမင်းသည် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ၁၆၉၇-နှစ် မြောက်တွင် အဘိသိက်ခံကြောင်း ၎င်းရေးထိုးသောကျောက်စာ၌ ဆိုသည်။ ယင်းသည် သီဟိုဠ်သမိုင်းအရ အေဒီ ၁၁၅၃-ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်ကို ဘီစီ ၅၄၄-ဖြစ်ကြောင်း (၁၆၉၇-၁၁၅၃=၅၄၄) ဆိုလိုရာရောက်သည်။ ပရက္ကမဗာဟုကျောက်စာရက်စွဲမှာ အိန္ဒိယတောင်ပိုင်း Arpakkama ဒေသ Tiruvalisvara ဘုရားကျောင်း ကျောက်စာနှင့်ကိုက်ညီသည်။

စူဠဝံသကျမ်း(၅၆း၁၆)၌ ပရက္ကမဗာဟု နန်းစံနှစ်နှင့် ယင်းမတိုင်မီ မင်းဆက် ၆-ဆက်မြောက် ပရက္ကမပဏ္ဍုမင်း နန်းစံနှစ် နှစ်ခု၏ အကြားကာလကို ၁၀၇-နှစ်ဟုဆိုသည်။ ပထမပရက္ကမနန်းစံနှစ်(ဗုဒ္ဓနှစ် ၁၆၉၇)မှ နောက်သို့ ပြန်ရေသော် ၁၅၉၀ ဖြစ်သည်။ ယင်းသည် သီဟိုဠ်သမိုင်းအရ အေဒီ ၁၀၄၆ ဖြစ်သည်။ တစ်ဖန် အိန္ဒိယတောင်ပိုင်း Manimangalam ကျောက်စာနှင့်လည်း ထပ်တူညီသည်။ ယင်းကျောက်စာ၌ စောဠဘုရင် **ပထမရာဇာဓိရာဇ**သည် သီဟိုဠ်ဘုရင် **ပရက္ကမပဏ္ဍု**ကို ဗုဒ္ဓနှစ် ၁၅၉၀ (အေဒီ ၁၀၄၆)တွင် ကွပ်မျက်ကြောင်း ဆိုထားသည်။ စူဠဝံသ၌ ပရက္ကမပဏ္ဍုနန်းသက်ကို ၂-နှစ် ပြသော်လည်း ကျောက်စာ၌ အဘိသိက်ခံသည့်နှစ်နှင့် ကွပ်မျက်သည့်နှစ်ကို အတူတူဆိုသည်။ ဤသည်မှာ ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်ကို ဘီစီ ၅၄၄ ဖြစ်ကြောင်း (၁၅၉၀-၁၀၄၆=၅၄၄) ဆိုလိုရာရောက်သည်။

အထက်ပါ ဖော်ပြချက်များအရ သာရတ္ထဋ္ဌီကာရှင်တို့ခေတ် အေဒီ ၁၂-ရာစုနှစ်လယ်လောက်ထိ သီဟိုဠ်၌ ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်ကို ယနေ့ မြန်မာအပါအဝင် ထေရဝါဒနိုင်ငံတို့၌ အသုံးပြုနေသည့်အတိုင်း ခရစ်မပေါ်မီ ၅၄၄ အဖြစ် မကွဲမပြား အတည် ပြုဆဲဖြစ်ကြောင်း မှတ်သားရသည်။

သို့ရာတွင် ဘီစီ ၆၂၃ တွင် မြတ်ဗုဒ္ဓဖွားမြင်သည်ဟူသောအဆိုနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့် အထောက်အထားများကို ယခုအခါ ပညာရှင်တို့ တွေ့ရှိလာကြသည်။ မဟာဝံသနှင့် အဋ္ဌကထာကျမ်းများအဆို၊ မဇ္ဈိမဒေသမင်းဆက်၊ ကမ္ဘာ့သမိုင်းမှတ်တမ်းများ၊ သံဂါယနာမှတ်တမ်းများ၊ ဆရာစဉ်ဖော်ပြချက်၊ အသောကကျောက်စာ၊ မြောက်ပိုင်းဗုဒ္ဓဘာသာမှတ်တမ်းများ၊ အိန္ဒိယတောင်ပိုင်းမှ ရှေးဟောင်းကျောက်စာအချို့တို့ကို ညှိနှိုင်းတိုက်ဆိုင်ပြီးနောက် ယင်းသို့တွေ့ရှိလာရခြင်းဖြစ်သည်။

၎င်းတို့က ဘီစီ ၅၆၃ တွင် မြတ်ဗုဒ္ဓဖွားမြင်သည်ဟု ယူဆကြသည်။ ယင်းအယူအဆလည်း မဟာဝံသ၌ဖော်ပြသည့် အစဉ်အလာယူဆချက်ကိုပင် အခြေခံပြန်သည်။ အတိအကျဆိုသော် မဟာဝံသ(၅း၂၁)၌ဖော်ပြသည့် ဘုရင်အသောကသည် ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံပြီးနောက်

၂၁၈-နှစ် အကြာတွင် နန်းတက်သည်ဟူသော အချက်ကိုပင် အခြေခံခြင်း ဖြစ်သည်။

မဟာဝံသအလိုအရ အဇာတသတ္တု (ဗုဒ္ဓပရိနိဗ္ဗာန်မစံမီ ၈+ စံပြီးနောက်) ၂၄၊ ဥဒယဘဒ္ဒ ၁၆၊ အနုရုဒ္ဓ နှင့် မုဏ္ဍ ၈၊ နာဂဒါသက ၂၄၊ သုသုနာဂ ၁၈၊ ကာဠာသောက ၂၈၊ ၎င်း၏သား ဆယ်ယောက် ၂၂၊ နန္ဒမင်းသား ကိုးယောက် ၂၂၊ စန္ဒဂုတ္တ ၂၄၊ ဗိန္ဒုသာရ ၂၈၊ အသောက အဘိသိက်မခံမီ ၄+နန်းစံ ၁၈၊ ပေါင်း ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ၂၃၆-အကြာတွင် အသောက၏သားတော် (ဟူယင်ဆန်မှတ်တမ်းအလို အသောက၏ညီတော်) အရှင်မဟိန္ဒ သီရိလင်္ကာသို့ ရောက်သည်(မဟာဝံသ၊ ၂း၃၁-၃၂၊ ၄း၁-၇၊ ၅း၁၄-၁၈)။

အရှင်မဟိန္ဒ သီဟိုဠ်ရောက်နှစ် ၂၃၆ မှ အသောကနန်းသက် ၁၈-နှစ်ကိုနုတ်သော် အသောကနန်းတက်နှစ်မှာ ၂၁၈-ဖြစ်သည်။ အသောကသည် ဗိန္ဒုသာရ၏သားဖြစ်ပြီး စန္ဒဂုတ္တမှာ ဗိန္ဒုသာရ၏ဘခင် အသောက၏ဘိုးတော် ဖြစ်သည်။ အသောကသည် နန်းရပြီး ၄-နှစ်ကြာမှ အဘိသိက်ခံသည်(မဟာဝံသ၊ ၅း၁၀၀-၁၀၁။ ဝိ-ဌ ၁၊ ၅၄)။ ဘိုးတော် စန္ဒဂုတ္တမောရိယမင်းသည် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ၁၆၂-နှစ် အကြာ (၂၁၈-၅၆) တွင် နန်းစိုက်သည်။ ယင်းသည် အိန္ဒိယသမိုင်းအရ ဘီစီ ၃၂၁ တွင် ဖြစ်သည်။ ယင်းအရမူ ဗုဒ္ဓ ပရိနိဗ္ဗာန်စံသည့်နှစ်မှာ (၃၂၁+၁၆၂) = ၄၈၃ ဖြစ်သည်။ သက်တော် ၈၀ ပေါင်းမူ မြတ်ဗုဒ္ဓ မွေးဖွားနှစ်မှာ ဘီစီ ၅၆၃ ဖြစ်သည်။

ကမ္ဘာ့သမိုင်းအရ ဂရိဘုရင် **အလက်စန္ဒာသဂရိတ်**သည် ဘီစီ ၃၂၇ တွင် အိန္ဒိယအနောက်မြောက်ပိုင်းကို တိုက်ခိုက်သည်။ ဘီစီ ၃၂၅ တွင် ပန်ဂျပ်ပြည်နယ်အထိ အောင်နိုင်ခဲ့သည်။ အလက်စန္ဒာသဂရိတ်သည် အိန္ဒိယမှ အပြန် ဘီစီ ၃၂၃ တွင် လမ်းခရီး၌ ကွယ်လွန်သည်။ ယင်း၏အဆက်အနွယ်များကို အိန္ဒိယဘုရင် စန္ဒဂုတ္တမောရိယမင်းက တော်လှန်နှိမ်နင်းခဲ့သည်။

စန္ဒဂုတ္တမောရိယသည် မဂဓဘုရင် နန္ဒမင်းများကို နှိမ်နင်း၍ မင်းပြုလာသူဖြစ်သည်။ ၎င်းသည် နောင်အခါ ဂျိန်းဘုန်းကြီး အဖြစ်ခံယူပြီး နှစ်ပေါင်းများစွာ အစာမစားဘဲကျင့်ပြီးနောက် ကွယ်လွန်ခဲ့ကြောင်းအဆိုရှိသည်။ ၎င်း၏သား ဗိန္ဒုသာရမောရိယသည် အိန္ဒိယတောင်ပိုင်း မိုင်ဆိုရီ (Mysore)ဒေသအထိ အုပ်ချုပ်နိုင်ခဲ့သည်။ ဗိန္ဒုသာရ၏သား အသောကသည် ၎င်း၏ဘခင်ကွယ်လွန်ပြီးနောက် လေးနှစ်အကြာတွင် ထီးနန်းစိုက်ပြီး အိန္ဒိယကို ၃၇-နှစ်ကြာ အုပ်ချုပ်သည်။ အသောကသည် အိန္ဒိယတောင်ဖျား ကလိင်္ဂတိုင်း (ယခု သြရိဿ)အထိ အင်ပါယာကို တိုးချဲ့နိုင်ခဲ့သည်။ အသောကကွယ်လွန်ပြီးနောက် မောရိယအင်ပါယာ ပြိုကွဲသွားသည်။ ၎င်း၏သားများက အိန္ဒိယနိုင်ငံကို ခွဲခြမ်းအုပ်ချုပ်ခဲ့ကြသည်ဟု အိန္ဒိယသမိုင်းတို့ကဆိုသည်။

စန္ဒဂုတ္တသည် အသောကထက် ၅၆-နှစ် စောသည်။ ထိုအချိန်က အသောကမင်း မမွေးဖွားသေးဟု အိန္ဒိယသမိုင်းနှင့် ကမ္ဘာ့သမိုင်းမှတ်တမ်းများ၌ဆိုသည်။

ထို့ကြောင့် သာသနာသက္ကရာဇ်သည် ဘီစီ ၅၄၄ တွင် စတင်သည်ဟုယူဆလျှင် အသောကနှင့် အလက်စန္ဒာတို့ကို ခေတ်ပြိုင်ဟု ဆိုရလိမ့်မည်။ သို့သော် စန္ဒဂုတ္တနှင့် အလက်စန္ဒာခေတ်ပြိုင်ဟုဆိုထားသော ကမ္ဘာ့သမိုင်းအဆိုနှင့်မူ ဆန့်ကျင်သည်။ တစ်ချိန်တည်းတွင် သီဟိုဠ်၊ မြန်မာ၊ ယိုးဒယားစသော ထေရဝါဒနိုင်ငံတို့၌ ဘီစီ ၅၄၄ ကို သာသနာနှစ် (ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်)အဖြစ် သတ်မှတ်ခြင်း၌ စဉ်းစားဖွယ်တစ်ရပ်ပါနိုင်သည်ဟု သမိုင်းပညာရှင်တို့ တွက်ဆချက်ကို စဉ်းစားရမည့် အခြေအနေဖြစ်လာသည်။

ပါမောက္ခ ဝီလျံဂိုင်ဂါ (Wilhelm Geiger) သည် ၁၉၀၇ ခုနှစ်တွင် မဟာဝံသပါဠိကို အင်္ဂလိပ်ဘာသာပြန်ပြီး ယင်းမဟာဝံသပါဠိသမိုင်းကျမ်း၏ အဆိုတစ်ချို့ကို ဝေဖန်သုံးသပ်ခဲ့သည်။ ဂိုင်ဂါသည် မဟာဝံသမှ တိမ်မြုပ်ချက်များ၊ မှားယွင်းချက်များကို ထောက်ပြခဲ့သည်။ ထို့ပြင် မဟာဝံသအဆက် စူဠဝံသကျမ်းမှ ကွဲလွဲချက်တစ်ချို့ကိုလည်း ဖော်ထုတ်ခဲ့သည်။ ဂိုင်ဂါအလိုအရ ၆၂-နှစ်ခန့် ပိုထွက်လာပြီး ယင်းသည် အေဒီ ၁၀၀၀ ခန့်တွင် စောဠတိုင်းသားတို့ သီရိလင်္ကာကို ကျူးကျော်သည့် အချိန်တွင်ဖြစ်သည်။

စူဠဝံသ(၅၃း၄၀)၌ **တတိယဥဒယ** ဘုရင်နှင့် **ပရက္ကမပဏ္ဍု**ဘုရင်တို့ အကြားကာလကို ၉၃-နှစ်နှင့် ၈-ရက်ဟုဆိုသည်။ ပရက္ကမပဏ္ဍုသည် ဗုဒ္ဓနှစ် ၁၅၉၀ တွင် နန်းစိုက်ပြီး တတိယဥဒယမူ ဗုဒ္ဓနှစ် ၁၄၉၇ တွင် နန်းစံသည်။ တတိယဥဒယမင်းသည် အိန္ဒိယတောင်ပိုင်း Tanjore နယ်မှ စောဠဘုရင် **ရာဇိန္ဒြရာဇစောဠဒေဝ**နှင့် ခေတ်ပြိုင်သည်။ **စောဠဒေဝ**ရေးထိုးခဲ့သည့် ကျောက်စာ၌ စူဠဝံသ(ညွှန်းပြီး)ကဲ့သို့ပင် တတိယဥဒယဘုရင် နန်းစံပြီးစတွင် စောဠတိုင်းသားတို့ သီရိလင်္ကာသို့ စစ်ချီခြင်းအကြောင်းကိုဖော်ပြသည်။ စောဠဒေဝ၏ နန်းတက်နှစ်ကို အေဒီ ၁၀၁၁ ကုန်ခါနီးနှင့် ၁၀၁၂ နှစ်လယ်ပိုင်းဟု အိန္ဒိယသမိုင်းဆရာတို့ဆိုသည်။ စောဠတို့ သီဟိုဠ်သို့ စစ်ချီသည်မှာ စောဠဒေဝမင်းနန်းစံ ၄-နှစ်နှင့် ၆-နှစ်မြောက်(အေဒီ ၁၀၁၅ နှင့် ၁၀၁၈) တွင်ဖြစ်သည်။ ယင်းသည် စူဠဝံသကျမ်းလာ တတိယဥဒယနန်းစံနှစ် ၁၄၉၇(ဗုဒ္ဓနှစ်)နှင့် တူညီနေသည်။ ဗုဒ္ဓနှစ် ၁၄၉၇ မှ အေဒီ ၁၀၁၅ ကို နုတ်သော် ၄၈၂ ကျန်သည်။ ယင်းကိန်းသည် ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်မှာ ဘီစီ ၄၈၃ ဖြစ်ကြောင်း အဓိပ္ပါယ်သက်ရောက်စေသည်။

တတိယဥဒယဘုရင်မှစ၍ ပထမပရက္ကဗာဟုမင်း တိုင်အောင် အကြောင်းအရာများကို အသေးစိတ်ရေးသားခဲ့သူ စူဠဝံသ ကျမ်းပြုဆရာသည် တတိယဥဒယနန်းတက်နှစ်ကို ဗုဒ္ဓနှစ် ၁၄၉၇ (အေဒီ ၁၀၁၅)၊ ပရက္ကမပဏ္ဍုနန်းတက်

နှစ်ကို ယင်း ၁၅၉၀ (အေဒီ ၁၀၄၆)၊ ပထမပရက္ကမဗာဟု နန်းတက်နှစ်ကို ယင်း ၁၆၉၇ (အေဒီ ၁၁၅၃) ဟုဖော်ပြခဲ့သော်လည်း တတိယဥဒယနန်းတက်နှစ်မှာ ကျန်ဘုရင်နှစ်ပါးနန်းတက်နှစ်နှင့် မတူသည့်အခြေခံ (သမိုင်းမှတ်တမ်းများ)မှ လာကြောင်း သတိမပြုမိခဲ့ချေ။ တတိယဥဒယနှင့် ပရက္ကမဘာဟုအကြား ၎င်းက ၉၃-ကြာသည်ဆိုသော်လည်း အမှန်အားဖြင့် ၃၁-နှစ် (အေဒီ ၁၀၁၅-၁၀၄၆)သာ ကွာကြောင်း တွေ့ရသည်။

ယင်းသို့ ၆၂-နှစ် ပိုထွက်လာခြင်းမှာ မည်သည့်မင်းဆက်တွင်ဖြစ်သည်ဟု အတိအကျဆိုရန် ခဲယဉ်းကြောင်းဆိုပြီး သံသယဖြစ်နိုင်ဖွယ်ရှိသည့် ရှေးမင်းဆက်အချို့ကို ဂိုင်ဂါက ဝေဖန်သုံးသပ်ခဲ့သည်။

၎င်းအလိုအရ ဝိဇယမှ ဒေဝါနံပိယတိဿမင်း တိုင်အောင် ရှေးဦးပိုင်းသီဟိုဠ်သမိုင်း၌ မှားယွင်းမှုရှိနိုင်သည်။ ဝိဇယဘုရင် သီဟိုဠ်သို့ရောက်သည့်နှစ်ကို ဗုဒ္ဓပရိနိဗ္ဗာန်စံသည့်နှစ်နှင့် ထပ်တူပြုထားသည်။ ပဏ္ဍုကာဘယနှင့် မုဋသိဝဘုရင်များ၏ နန်းသက်ဖော်ပြချက် မှားယွင်းနိုင်သည်။ ပဏ္ဍုဝါသုဒေဝမကွယ်လွန်မီ နှစ်အနည်းငယ်တွင်မှ ၎င်း၏သား ပဏ္ဍုကာဘယမွေးဖွားသည်။ ပဏ္ဍုကာဘယ မင်းမပြုနိုင်မီ ဦးလေးဖြစ်သူ အဘယမင်း ၂၀-နှစ် နန်းစံသည်။ ယင်းနောက် မင်းမရှိဘဲ ၁၇-နှစ် ကြာသည်။ ပဏ္ဍုကာဘယ မင်းပြုသော အခါ အသက် ၃၇-နှစ် ရှိပြီ။ နန်းသက် ၇၀-နှစ် ကြာသည်။ ထို့ကြောင့် ဤမင်း အသက် ၁၀၇-နှစ် ရှည်သည်။ ယင်းသို့ဖြစ်ခြင်းမှာ သဘာဝမကျချေ။

ပဏ္ဍုကာဘယကို ၎င်း၏သား မုဋသိဝ ဆက်ခံသည်။ မုဋသိဝသည် ပဏ္ဍုကာဘယ မင်းမဖြစ်မီ လက်ထပ်ခဲ့သော မိဖုရားသုဝဏ္ဏပါလီမှ ဖွားမြင်သူဖြစ်သည်။ သို့ဖြစ်၍ ၎င်းမင်းပြုသောအခါ အတော်အတန်အသက် ကြီးရင့်ပြီ ဟုဆိုနိုင်သည်။ သို့ရာတွင် ၎င်းသည် နန်းစံသက်တမ်း ၆၀-နှစ်ရှိခဲ့ကြောင်း မဟာဝံသ၌ ဆိုသည်။

နောက်တစ်ချက်မှာ ဒေဝါနံပိယတိဿသည် မုဋသိဝ၏ဒုတိယသား ဖြစ်သည်။ ယင်းသည် ထီးနန်းရသောအခါ အသက်အရွယ် အတော်အတန်ကြီးပြီဖြစ်သည်။ ၎င်း၏ ညီသုံးယောက် ဥတ္တိယ၊ မဟာသိဝနှင့် သူရိယတိဿတို့က တစ်ယောက်ကို ၁၀-နှစ်စီ အုပ်ချုပ်ခဲ့ကြသည်။ ထို့ပြင် ဒမိဠနှစ်ယောက် သေနနှင့် ဂုတ္တိလတို့က ၁၂-နှစ်ကြာ အုပ်ချုပ်ခဲ့သေးသည်။ ယင်းနောက် လေးယောက်မြောက် ညီဖြစ်သူ အသေလမင်းက ၁၀-နှစ်ကြာ အုပ်ချုပ်ပြန်သည်။ သို့ဖြစ်၍ မုဋသိဝဘုရင်၏ သားလေးယောက် အုပ်ချုပ်မှု သက်တမ်းမှာ ဒေဝါနံပိယတိဿနန်းစံနှစ် ၆၀-အပါအဝင် စုစုပေါင်း ၉၂-နှစ် ကြာသည်။

သီဟိုဠ်အစဉ်အလာသမိုင်းသည် အချို့ဖြစ်စဉ်များကို အမှန်အတိုင်း ထိန်းသိမ်းထားနိုင်မည် ဖြစ်သော်လည်း ဘုရင်မင်းတို့၏ နန်းစံနှစ်များနှင့်ပတ်သက်၍မူ ဝိဇယမင်း သီဟိုဠ်၌ နန်းစံနှစ်ကို ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်နှင့် ထပ်တူဖြစ်အောင် ဆွဲဆန့်ထားဖွယ်ရှိသည်ဟု ဂိုင်ဂါကယူဆခဲ့သည်။

ယင်းသို့ ယူဆသည့်အတိုင်း ဂိုင်ဂါသည် မဟာဝံသအဆို ဘီစီ ၅၄၄ နှစ်မှ (ကမ္ဘာ့သမိုင်းနှင့်အညီ) ၆၁-နှစ်ကို လျှော့ပစ်သဖြင့် အနောက်တိုင်း ပါဠိစာပေပညာရှင်တို့ အကြား၌ ဗုဒ္ဓပရိနိဗ္ဗာန်စံသည့်နှစ်သည် ဘီစီ ၄၈၃ ဖြစ်သွားပြီး ဗုဒ္ဓဖွားမြင်နှစ်ကို ဘီစီ ၅၆၃ ဟု ဆိုကြခြင်းဖြစ်သည်။

မဟာဝံသအဆိုအရ ဗုဒ္ဓပရိနိဗ္ဗာန်စံသည့်နှစ်တွင် ဝိဇယမင်း တမ္ဗပဏ္ဏိသို့ရောက်သည်။ သို့ရာတွင် ပထမဆုံးသော ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည့် အနုရာဓပုရမြို့ရှိ ဆိရမ် ဒေရနိယဂါလ(Siran Deraniyagala) ကျောက်စာအရ အဆိုပါဝိဇယမင်း သီဟိုဠ်သို့ရောက်ချိန်သည် ဘီစီ ၄၈၀-ခန့်တွင် ဖြစ်သည်။ သို့ဖြစ်၍ မဟာဝံသအလို ဝိဇယဘုရင် သီဟိုဠ်သို့ ရောက်သည့်နှစ်နှင့် ယင်းပြာကရိတ်ဗြဟ္မီကျောက်စာ အဆိုတို့မှာ ကွဲလွဲလျက်ရှိသည်။ တစ်ဆက်တည်းတွင် ဂိုင်ဂါ၏အယူအဆ(ဘီစီ ၅၆၃ ဗုဒ္ဓဖွား)ကို ထောက်ခံသကဲ့သို့လည်း ဖြစ်နေပြန်သည်။

သီရိလင်္ကာအစိုးရက အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် **ဗုဒ္ဓဝါဒစွယ်စုံကျမ်း**နှင့် ဒေါက်တာ ဝါလ်ပိုလာရာဟုလာ၊ ဒေါက်တာ ဂျီစီ မန်ဒိစ်ကဲ့သို့သော သမိုင်းပညာရှင်များသည် ဘီစီ ၄၈၃ ကို ဗုဒ္ဓပရိနိဗ္ဗာန်စံသည့် မှန်ကန်သည့် ခုနှစ်အဖြစ် လက်ခံခဲ့ကြသည်။ အကယ်၍ ဤအယူအဆကို လက်ခံခဲ့လျှင် ဗုဒ္ဓပရိနိဗ္ဗာန်စံသည့် ၂၅၀၀-ပြည့် (ဗုဒ္ဓဇယန္တိ) အခမ်းအနားကို လာမည့် ခရစ်နှစ် ၂၀၁၇-ခုနှစ်တွင် ကျင်းပရလိမ့်မည်ဖြစ်သည်။ သို့ရာတွင် မဟာဝံသအဆိုအတိုင်းပင် သီရိလင်္ကာ၊ မြန်မာနှင့် ယိုးဒယားနိုင်ငံတို့၌ ၁၉၅၆ ခုနှစ်တွင် ဗုဒ္ဓဇယန္တိ အခမ်းအနားများကို ခမ်းနားစွာ ကျင်းပခဲ့ပြီးဖြစ်သည်။

ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်ဖြင့် သတ်မှတ်သည့် သမိုင်းစဉ်ဝင်ပုဂ္ဂိုလ်များမှာ အစဉ်အဆက် သတ်မှတ်လာခဲ့ခြင်းဖြစ်၍ ယင်းဖြစ်ရပ်များကို ခရစ်နှစ်ဖြင့်ညှိယူရန် ခဲယဉ်းနိုင်သည်။ ဂရိဘုရင် အလက်စန္ဒာသဂရိတ် အိန္ဒိယနိုင်ငံကို ကျူးကျော်သိမ်းပိုက်သည့်ဖြစ်ရပ်သည် သာသနာသက္ကရာဇ်ကို နှစ်မျိုးဖြစ်စေသည်။ ဂိုင်ဂါ၏ ဘီစီ ၄၈၃ ခုနှစ် ဗုဒ္ဓပရိနိဗ္ဗာန်စံ အယူအဆသည် ခေတ်ပြိုင်မိတ်ဆွေများ ဖြစ်ကြသည့် အသောကနှင့် ဒေဝါနံပိယတိဿတို့၏ ခေတ်နောက်ပိုင်းအတွက် ဆွေးနွေးရန်မလိုဟု ယူဆပါသည်။

မဟာယာနနိုင်ငံများကမူ ဘီစီ ၅၆၃ နှစ်တွင် မြတ်ဗုဒ္ဓ မွေးဖွားသည်ဟူသော အယူအဆကို နှစ်သက်ကြပုံရသည်။ ကမ္ဘာ့သမိုင်းတွင် ယင်းသို့ ဗုဒ္ဓသာသနာသက္ကရာဇ် နှစ်မျိုးဖြစ်နေရခြင်းမှာ သဘာဝမကျသည့်ပြင် ဗုဒ္ဓဘာသာသမိုင်းကို လေ့လာရာ၌ ခက်ခဲစေသည်။ သို့ရာတွင် ပညာရှင်တို့

ယူဆသည်ဆိုတိုင်းလည်း မှန်သည်ဟူ၍ကား မဆိုနိုင်ချေ။ အချို့ပညာရှင်များမှာ တစ်ခုသော ရင်းမြစ်ကို အခြေပြု၍ အစအဆုံး ပြောင်းပြန်လှန်ပစ်လိုကြသည်။

'ဗုဒ္ဓသာသနာသက္ကရာဇ်အမှန်'(Correct Buddhist Era) အမည်ရှိ စာအုပ်ကိုရေးသူ **ဂျီအိတ်ချ်ဒေဇိုင်ဆာ**(G. H. de Zoysa)၏ သုတေသနပြုချက်အရ ဘုရင်အသောကသည် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၁၁၆-နှစ်အကြာတွင် နန်းတက်ကြောင်းဆိုသည်။ ၎င်းအလိုမူ မဟာဝံသအဆိုများယွင်းပြီး ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံသည့်နေ့မှာပင် ဝိဇယဘုရင် သီရိလင်္ကာနိုင်ငံသို့ ရောက်သည်ဆိုသော မဟာဝံသထေရ်ကြီးများ၏အဆိုကို ညှိယူန် နှစ် ၁၀၀-မျှပင် ကွာဟသွားသည်။

ယင်းလျှို့ဝှက်ချက်ကို ပြုပြင်ရန် သမိုင်းကို နှစ် ၁၀၀-မျှ ပြုပြင်ရလိမ့်မည်ဖြစ်သည်။ သီရိလင်္ကာဘုရင်သုံးပါးဖြစ်သည့် မုဋသိဝ၊ ပဏ္ဍုကာဘယနှင့် ဒေဝါနံပိယတိဿတို့ အသက် ၁၀၇၊ ၁၂၀ နှင့် ၁၃၀ ခန့်ရှည်ခဲ့သည်ဟုဆိုနိုင်ရန်လည်း ၎င်းတို့၏နန်းစံနှစ်များကို တိုးရလိမ့်ဦးမည်။ မစ္စတာ ဇိုင်ဆာက 'မဟာဝံသဗုဒ္ဓနှစ်အလိုအရ အထင်ရှားဆုံး သမိုင်းယုတ္တိမတန်မှုမှာ အသောကဘုရင်နှင့် အလက်စန္ဒာဘုရင်တို့ ခေတ်ပြိုင်ကျရောက်ပြီး တစ်ချိန်တည်းတွင် စန္ဒဂုတ္တာဘုရင်ခေတ်ထက် ရာစုနှစ်ဝက်မျှ စောနေသည်ကို တွေ့ရခြင်းဖြစ်သည်' ဟုဖော်ပြခဲ့သည်။

ဇိုင်ဆာ ကိုးကားခဲ့သည့် ခေတ်ပြိုင်ကို အခြေပြုသော ခေတ်သတ်မှတ်ချက်သီအိုရီနှင့် မျိုးဆက်လူ့သက်တမ်း သီအိုရီအရ ဗုဒ္ဓသာသနာနှစ် အစစ်အမှန်မှာ ဘီစီ ၃၈၄-ဖြစ်သည်။ ၎င်းအလိုအရ ဗုဒ္ဓဘာသာနိုင်ငံတို့ အသုံးပြုနေသည့် အခြားနှစ်ကာလသတ်မှတ်ချက် နှစ်မျိုးလည်း မမှန်တော့ချေ။ ၎င်းက မဟာဝံသကျမ်းပြုဆရာများသည် ပထမနှင့် ဒုတိယသံဂါယနာအကြား ခေတ်ကို ရာစုနှစ် တစ်ခုအဖြစ် မှားယွင်းစွာ ပုံဖျက်ထားသည်ဟု ဆိုသည်။

ဤသို့ဖြင့် မဟာဝံသကျမ်းပြုပုဂ္ဂိုလ်များသည် အသက် ၁၂၀-ရှည်သည့်မထေရ် အနည်းဆုံး ၈-ပါး ဒုတိယသံဂါယနာသို့တက်ရောက်ခဲ့ကြောင်း ဖော်ပြသည်။ ယင်းမထေရ် ၈-ပါးသည် ဗုဒ္ဓဘုရားရှင်ကို ကိုယ်တိုင်ဖူးမြော်လိုက်ရပြီး စိတ်ပိုင်းအရရော ကိုယ်ခန္ဓာအရပါ ကျန်းမာဆဲဖြစ်ကြောင်း ဖော်ပြသည်။ မစ္စတာဇိုင်ဆာအဆိုအရမူ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် နှစ် ၆၀-ခန့် အကြာတွင် ဒုတိယသံဂါယနာတင်သည်။ ယင်းသံဂါယနာတွင် ဗုဒ္ဓဘုရားရှင်အား ကိုယ်တိုင်ဖူးမြင်လိုက်နိုင်သည့် မထေရ်များသည် အနည်းဆုံး သက်တော် ၈၀-နှင့် ၉၀-ရှိသည်ဆိုလျှင် ဖြစ်နိုင်ခြေရှိသည်ဟု ၎င်းက ယူဆသည်။

ကမ္ဘာ့အဖြစ်အပျက်အားလုံးနှင့် သမိုင်းဆိုင်ရာ ရက်စွဲများသည် ဇိုင်ဆာဆိုသည့်အတိုင်း ဖြစ်နိုင်ခြေနှင့် တူညီခြင်းသို့ ကျရောက်သည်ဟုထင်ရပြန်သည်။ ဆိုလိုသည်မှာ ဗုဒ္ဓသက္ကရာဇ်အမှန်မှာ ၎င်းဆိုတုင်း ဘီစီ ၃၈၄ ဖြစ်နိုင်သည်ဟုဖြစ်သည်။ အလက်စန္ဒာဘုရင် ကျူးကျော်ဝင်ရောက်ခြင်းနှင့် အသောက၏သံရုံးတို့ကို ဒုတိယပတိုလေမီ(Ptolemy II)၊ အလက်စန္ဒရီးယားမြို့မှ ဖီလာဒေဖတ်စ် (Philadelphus)၊ အသောကကျောက်စာရက်စွဲတို့နှင့် ညှိ၍ ဆိုထားသည်။ ပဏ္ဍုကာဘယ၊ မုဋသိဝနှင့် ဒေဝါနံပိယတိဿတို့၏ နန်းစံသက်တမ်းများကိုလည်း မဟာဝံသကျမ်းပြုပုဂ္ဂိုလ်များ၏ အလိုနှင့် ဆန့်ကျင်လျက် ၄၅၊ ၃၅ နှင့် ၃၀ နှစ်ဖြစ်ကြောင်း ဇိုင်ဆာ၏ ကျမ်းစာ၌ဖော်ပြထားသည်။

ယင်းကျမ်းအဆိုကို ဗုဒ္ဓဘာသာသမိုင်းပညာရှင်များနှင့် စာပေပညာရှင်များအနေဖြင့် ဂရုတစိုက်လေ့လာပြီး လက်ခံ သို့မဟုတ် လက်မခံနိုင်လျှင် ပြန်လည်ချေပသင့်ပါသည်။ ဂိုင်ဂါအနေဖြင့် မဟာဝံသဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်(ဘီစီ ၅၄၄)မှ ၎င်းအလို ပိုလာသည့် ၆၁-နှစ်ကို နုတ်ပစ်ခြင်းမှာလည်း အစမှအဆုံးထိ ကွဲလွဲမှုများကို ဖြစ်ပေါ်စေသည်။

ယင်းပုဂ္ဂိုလ်တို့၏ ဝေဖန်ချက်များသည် အခြားသော ဗုဒ္ဓဘာသာပညာရှင်များနှင့် သမိုင်းပညာရှင်များ၏ စွမ်းရည်နှင့် မှန်ကန်မှုကို ပြန်လည်သုံးသပ်နိုင်ရန် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓဘာသာသမိုင်းဆရာတို့သည် မှန်ကန်သည့်သာသနာသက္ကရာဇ်နှင့် ပတ်သက်၍ ယနေ့တိုင် သဘောတူညီမှု မရနိုင်သေးဘဲရှိသည်။ ယင်းသို့ ဗုဒ္ဓသာသနာနှစ် မတိကျဖြစ်နေခြင်းသည် ဗုဒ္ဓသာသနာသမိုင်းကိုလေ့လာရာ၌ ရှုပ်ထွေးစေသည်။

အေဒီ ၁၆-ရာစု ဥရောပအုပ်ချုပ်မှုအာဏာ အောက်သို့ မရောက်မီအချိန်အထိ သီရိလင်္ကာနိုင်ငံတွင် ဗုဒ္ဓသာသနာသက္ကရာဇ်ကို အသုံးပြုခဲ့ပြီး ယခုမူ ခရစ်နှစ်ကိုပင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်းသိရသည်။ ယနေ့ မြန်မာသက္ကရာဇ်၏ ရင်းမြစ်လည်း အမှန်သော် သာသနာသက္ကရာဇ်ပင် ဖြစ်သည်။ နှစ်ကြိမ်ဖြိုသက္ကရာဇ် နှစ်ရပ်ပေါင်း ဧကေအဋ္ဌဒွေး(၁၁၈၂)နှင့် ရောက်ဆဲ ကောဇာသက္ကရာဇ် ၁၃၆၆ ကို ပေါင်းသော် ရောက်ဆဲ သာသနာနှစ် ၂၅၄၈ ဖြစ်ကြောင်းနှင့် မဟာဝံသအစဉ်အလာကို လက်ခံကြောင်း (၂၅၄၈-၂၀၀၄=၅၄၄) သိနိုင်သည်။


Sources:

1. *The Mahavamsa* by W. Geiger
2. *Correct Buddhist Era* by G. H. de Zoysa
3. *The Sunday Observer*, Aug 18, 2002


---


Ashin Kelasa
1651 E Manhatton Drive
Tempe, AZ 85282, USA.